ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ

UNITED NATIONALITIES FEDERAL COUNCIL (UNION OF BURMA)

# တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ် (NCA) နှင့် ပြည်တွင်းငြိမ်းချမ်းရေးတည်ဆောက်ခြင်းအပေါ် UNFC ၏ သဘောထားထုတ်ပြန်ချက်

၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ (၃) ရက်

၁။ မြန်မာပြည်၏ နှစ်ပေါင်း(၇၀)နီးပါး ဖြစ်ပွားနေသောပြည်တွင်းစစ်သည် နိုင်ငံရေးအခြေခံ (သို့တည်းမဟုတ်) ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဿနာအကြောင်းရင်းခံကြောင့် ဖြစ်သည်။ ထိုအခြေခံပြဿနာကို နိုင်ငံရေးနည်းဖြင့် ငြိမ်းချမ်းစွာ ဖြေရှင်းရန် တိုင်းရင်းသားလူမျိုးပေါင်းစုံမှ ခေတ်အဆက်ဆက်ကြိုးပမ်းခဲ့ကြသည်။ သို့ရာတွင် ခေတ်အဆက်ဆက်အုပ်စိုးသူများအနေဖြင့် သဘောထား စေတနာမမှန်ကန်၍ ယနေ့ထိတိုင် ကမ္ဘာ့အရှည်ကြာဆုံးသောပြည်တွင်းစစ်များ ဆက်လက်ဖြစ်ပေါ်နေရသည်။

၂။ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများမှ UNFC တပ်ပေါင်းစုအနေဖြင့် နိုင်ငံရေးဆွေးနွေးမှုမှုဘောင် ရေးဆွဲရေးကြိုးပမ်းမှုဖြင့် စတင်ကာ နိုင်ငံရေးဆွေးနွေးပွဲကို ချဉ်းကပ်ခဲ့သည်။ ထို့ကြောင့် ၂၀၁၃ ခုနှစ်တွင် ဦးသိန်းစိန်အစိုးရ၏ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီ(UPWC) နှင့် တရားဝင် နှစ်ကြိမ်၊ အလွတ်သဘော နှစ်ကြိမ်တိုင်တိုင် ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့၌ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

၃။ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ် (NCA) သည် နှစ်ဘက်၏ မတူညီသောမူများကို တစ်မူတည်း Single Text အဖြစ် NCCT အနေဖြင့် UPWC နှင့် စေ့စပ်ညှိနှိုင်းပွဲများ တရားဝင် (၇)ကြိမ်၊ အလွတ်သဘောအကြိမ် (၂၀)ကျော် ပြုလုပ်၍ ၂၀၁၃-၂၀၁၅ ခုနှစ်ကာလအတွင်း (၁၇)လကြာ ကြိုးပမ်းလုပ်ဆောင်ခဲ့သည်။ NCA မူကြမ်းတွင် အခန်း(၇)ခန်းနှင့် ပုဒ်မပေါင်း (၃၃)ခုထိ ရှိလာခဲ့သည်။ ၂၀၁၅ ခုနှစ်၊ ဇွန်လတွင် အဆင့်မြင့်ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့(SD)ကို စုဖွဲ့၍လည်း အပြီးသတ်လုပ်ငန်းစဉ်ချမှတ်ကာ (၄)လခန့်ကြာ ထပ်ဆင့်ကြိုးပမ်းခဲ့သည်။

၄။ NCA တွင် ပုဒ်မ(၃၃)ဖြစ်သည့် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများအားလုံး အတူတကွပါဝင်လက်မှတ်ရေးထိုးရေးအား အစိုးရဘက်မှ လက်မခံသည့်အတွက် ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ(၉)ရက်နေ့တွင် သမ္မတဦးသိန်းစိန်နှင့် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ၏ ထိပ်သီးခေါင်းဆောင်ကိုယ်စားလှယ်(၅)ဦးအပါအဝင် အဆင့်မြင့်ညှိနှိုင်းရေး ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် နေပြည်တော်တွင် တွေ့ဆုံဆွေးနွေးညှိနှိုင်း၍ အားလုံးပါဝင်ရေးနည်းလမ်းကို ရှာဖွေခဲ့ကြသည်။ သို့ရာတွင် အစိုးရအနေဖြင့် NCA ၌ အားလုံးအတူတကွ ပါဝင်လက်မှတ်ရေးထိုးရေးကို လက်မခံခဲ့ပဲ သဘောတူညီမှု မရရှိနိုင်သည့် အနေအထားသို့ ရောက်ရှိခဲ့သည်။ ထိုသို့သောအခြေအနေအောက်တွင် အစိုးရအနေဖြင့် NCA ဆွေးနွေးနေမှုကို အဆုံးသတ်၍ အားလုံးပါဝင်ရေးကို မူသဘောအရသာ လက်ခံပြီး၊ အဖွဲ့အစည်းအချို့နှင့် လက်မှတ်ရေးထိုးသွားရန် ကြိုးပမ်းနေသည်ကို တွေ့ရှိရသည်။

၅။ ယခုကျင်းပမည့် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးစာချုပ် လက်မှတ်ရေးထိုးပွဲမှာ အဖွဲ့အစည်းတချို့သာ လက်မှတ်ရေးထိုးသည့်အတွက် NCA မှာ ပြီးပြည့်စုံသည့်အနေအထားတွင် မရှိနိုင်ပေ။ အဘယ်ကြောင့်ဆိုသော် NCA စာချုပ်ပါသဘောတူညီချက်များအရ နိုင်ငံရေးဆွေးနွေးရေးမူဘောင် ရေးဆွဲခြင်း၊ နှစ်ဘက်တပ်များလိုက်နာရမည့် စစ်ဘက်ဆိုင်ရာကျင့်ဝတ် နှင့် အပစ်အခတ်ရပ်စဲရေးဆိုင်ရာစည်းမျဉ်းစည်းကမ်းများအပါအဝင် အဆင့်ဆင့်သော နိုင်ငံရေးဆွေးနွေးပွဲများတွင် သက်ဆိုင်ရာအဖွဲ့အစည်းများအားလုံးပါဝင်မှသာ စစ်မှန်၍ အဓိပ္ပါယ်ပြည့်ဝသော နိုင်ငံရေးဆွေးနွေးပွဲသို့ တက်လှမ်းနိုင်မည်ဖြစ်ပြီး၊ ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်မည်ဟု အလေးအနက် ယုံကြည်သည်။

၆။ ထို့အပြင် NCA စေ့စပ်ညှိနှိုင်းရေးဖြစ်စဉ်တလျှောက် အစိုးရတပ်မတော်ဘက်မှ တိုင်းရင်းသားဒေသများအား ထိုးစစ်ဆင်မှုများ ကျယ်ကျယ်ပြန့်ပြန့်နှင့် စဉ်ဆက်မပြတ် ဖြစ်ပေါ်နေခြင်းမှာ လက်ရှိတစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးအား အဓိကအဟန့်အတား ဖြစ်နေသည်ကို တွေ့ရှိရသည်။

၇။ အထက်ပါအခြေအနေများအရ ပြည်တွင်းငြိမ်းချမ်းရေးနှင့် စစ်မှန်သောနိုင်ငံရေးဆွေးနွေးပွဲများ ပေါ်ပေါက်လာစေရန် လူထုနှင့်နိုင်ငံတကာအသိုင်းအဝိုင်းတို့မှ ဝိုင်းဝန်းအားဖြည့်ကြိုးပမ်းကြရန် တိုက်တွန်းအပ်ပါသည်။ UNFC တပ်ပေါင်းစုအနေဖြင့်လည်း အဖွဲ့အစည်းအားလုံးပါဝင်လက်မှတ်ရေးထိုးရေးမှတဆင့် စစ်မှန်သောပြည်တွင်းငြိမ်းချမ်းရေးနှင့် နိုင်ငံရေးဆွေးနွေးပွဲများသို့ တက်လှမ်းနိုင်ရန် လက်တွေ့ကျသောနည်းလမ်းများကို ရှာဖွေ၍ ဆက်လက်ကြိုးပမ်းသွားမည် ဖြစ်သည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ
ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ (UNFC)


**<u>ဆက်သွယ်ရန်</u>**

| | | |
|---|---|---|
| *နိုင်ဟံသာ* | *- ဒုတိယဥက္ကဋ္ဌ(၁)* | *ဖုန်း - +66(0)80-503-0849* |
| *ခူဦးရယ်* | *- အထွေထွေအတွင်းရေးမှူး* | *ဖုန်း - +66(0)84-805-1344* |
| | | *+001 651 313 2908* |